**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**ညွှန်ကြားချက်အမှတ်( ၁ /၂၀၂၃)**

**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ( ၁၁ )ရက်**

**၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်**

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့်ကောင်တာဈေးကွက်တို့အတွက်**

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးညွှန်ကြားချက်အား ပြင်ဆင်ခြင်း**

၁။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း(၁၃)၊ပုဒ်မ ၇၁ (ခ) အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်တို့အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးညွှန်ကြားချက်(၃/၂၀၁၆)ကို ၁၁-၃-၂၀၁၆ တွင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ၂၃-၂-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့သည့် ကော်မရှင် အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃)၏ သဘောတူခွင့်ပြုချက်အရ ယခင်ထုတ်ပြန်ခဲ့သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်တို့အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ညွှန်ကြားချက်(၃/၂၀၁၆)၏ အပိုဒ်၅ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

(ခ) မြန်မာကျပ်ငွေ ၁၀၀ သန်း အထက်ရှိသည့် ရောင်းဝယ်မှု ဆောင်ရွက်ခြင်း၊

(ဂ) ရောင်းဝယ်ဆောင်ရွက်မှုသည် မြန်မာကျပ်ငွေ ၁၀၀ သန်းအောက် လျော့နည်းသော်လည်း လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ မှတ်တမ်းအရ ပုံမှန်ရောင်းဝယ်မှုထက်များပြားသည့် ငွေပမာဏဖြင့် ရောင်းဝယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် သံသယဖြစ်ဖွယ် ရောင်းဝယ်ဆောင်ရွက်ခြင်း၊

(ဃ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ ငွေလက်ခံရန် တွန်းအားပေးသည့် လူပုဂ္ဂိုလ်များမှ သံသယဖြစ်ဖွယ်ရှိသော ရောင်းဝယ်မှုဆောင်ရွက်ခြင်း၊

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ကော်မရှင်/၄/၄/၂ (၁၄၉/ ၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်

ဖြန့်ဝေခြင်း

ရန်ကုန်စတော့အိပ်ချိန်း

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊